# သန်းခေါင်ယံဟာစ်ကြွေးခြင်း

YR C
NO. 40

အလွတ်ကျမ်းချက်။ ။ ဟေဗြဲဩဝါဒစာ ၁၀း၃၅၊ ၃၆

"ထိုကြောင့်၊ ကြီးစွာသောအကျိုးနှင့်ယှဉ်သော
သင်တို့၏ ရဲရင့်ခြင်းစိတ်ကို မစွန့်ကြနှင့်။
ဘုရားသခင်၏အလိုတော်ကိုဆောင်ပြီးမှ၊ ဂတိတော်အတိုင်း
အကျိုးကိုရမည်အကြောင်း သည်းခံခြင်း စိတ်ရှိရမည်။"



## တနင်္ဂနွေနေ့ | သခင်ယေရှုကြွလာခြင်းအတွက် အဆင်သင့်ရှိကြခြင်း ၁

ဝီလီယံမီလာနှင့် အခြားသော သခင်ယေရှုမကြာမီကြွလာခြင်းကို ယုံကြည်သောသူများကို မြော်လင့်ခြင်းအသင်းဝင်များ (သို့) သတ္တမနေ့ ဥပုသ်စောင့်အသင်းဝင်များဟု ခေါ်သည်။ သူတို့သည် ဒံယေလ၏ပရောဖက်ပြုချက်များ၊ အထူးသဖြင့် ဒံယေလအနာဂတ္တိကျမ်း ၈း ၁၄ သည် "၁၈၄၃ ခုနှစ်ခန့်တွင်" သခင်ယေရှုပြန်ကြွလာမည်ဖြစ်ကြောင့် ဆိုလိုခြင်းဖြစ်သည်ဟု နားလည်ခဲ့ကြသည်။ ဖျားနာခြင်း၊ ဒုက္ခတရား၊ သေခြင်းနှင့် အပြစ်သည် မကြာမီထာဝရပျောက်ကွယ်သွားမည်ဖြစ်သောကြောင့် မီလာသည် အလွန်ဝမ်းမြောက်ခဲ့သည်။ သို့သော် သူသည် သခင်ယေရှုပြန်ကြွလာမည့် ရက်အတိအကျအကြောင်းနှင့်ပတ်သက်၍ မစိုးရိမ်ခဲ့ချေ။

မြော်လင့်ခြင်းအသင်းဝင်များအားလုံးတို့သည် အခြားသူများအား သခင်ယေရှုမကြာမီကြွလာလိမ့်မည်ဟု ပြောဆိုနိုင်သမျှအတိုင်း လိုက်လံဝေငှခဲ့ကြသည်။ ဂျိမ်းစ်ဝှိုက်အမည်ရှိသော လူငယ်တရားဟောဆရာသည် ပုံသက်သေကောင်းတစ်ဦးဖြစ်ခဲ့သည်။ ၁၈၄၃ ခုနှစ်၏ ပထမလများအတွင်းတွင် သူသည် တစ်ဦးတည်း မိန်းပြည်နယ်တစ်လျှောက် မြင်းစီးခရီးသွားခဲ့ပြီး ကျောင်းအိမ်များနှင့် အသင်းတော်များ၌ အစည်းအဝေးများပြုလုပ်ကျင်းပဟောပြောခဲ့သည်။ အချို့နေရာများ၌ သူ့ကို ကြိုဆိုခဲ့ပြီး၊ အခြားသောနေရာများ၌မူ မကြိုဆိုခဲ့ပေ။

သူ့ကို မယုံကြည်သောအမှုဆောင်များက ဆန့်ကျင်ခဲ့ပြီး သူ၏တရားစည်းဝေးခြင်းများကိုလည်း နှင်းပွင့်ခဲများနှင့် ရထားလမ်းထိုးသံများဖြင့် ပစ်ပေါက်အနိုင်ကျင့်ခြင်းဖြင့် နှောင့်ယှက်ခဲ့သည်။ သူသည် ဒဏ်ရာအနာတရ သို့မဟုတ် သေခြင်းအားဖြင့်ပင် ခြိမ်းခြောက်ခြင်းခံခဲ့ရသည်။ သို့သော် ဘုရားသခင်သည် ဂျိမ်းစ်ဝှိုက်၏ကြိုးစားမှုများကို အံ့ဩဖွယ်သောရလဒ်များဖြင့် ကောင်းချီးပေးခဲ့သည်။ ဤတစ်ကြိမ်တရားဟောခြင်းခရီးစဉ်အတွင်း လူပေါင်းတစ်ထောင်အထက်တို့သည် ပြောင်းလဲခြင်းသို့ ရောက်ခဲ့ကြသည်။

သမ္မာကျမ်းစာကို အထူးဂရုတစိုက်လေ့လာခဲ့သောသူများက ပရောဖက်ပြုချက်များသည် ဂျူးလူမျိုးပြက္ခဒိန်အပေါ်အခြေခံကြောင်း ယုံကြည်ခဲ့ကြသည်၊ ၎င်းသည် ကျွန်ုပ်တို့ယခုအသုံးပြုသည့်ပြက္ခဒိန်နှင့် ကွဲပြားခြားနားသည်။ ဂျူးလူမျိုးပြက္ခဒိန်တွင် တစ်နှစ်၏အဆုံးနှင့် နောက်တစ်နှစ်၏အစသည် နွေဦးရာသီတွင် ဖြစ်သည်။ ထိုကြောင့် သူတို့သည် ၁၈၄၃ ခုနှစ်နွေဦးနှင့် ၁၈၄၄ ခုနှစ် နွေဦးကြားတွင် သခင်ယေရှုကြွလာမည်ဟု မျှော်လင့်ခဲ့ကြသည်။ ၁၈၄၄ ခုနှစ် နွေဦးရာသီ ပိုနီးကပ်လာသည်နှင့်အမျှ၊ သူတို့သည် သခင်ယေရှုမကြာမီကြွလာမည်အကြောင်း ကမ္ဘာကို သတိပေးရန် ပို၍ပင်ကြိုးစားလုပ်ဆောင်ခဲ့ကြသည်။

သို့သော် များစွာသောအသင်းသူအသင်းသားများအပါအဝင် လူ အများစုတို့သည် သခင်ယေရှု ပြန်လာလိမ့်မည်မဟုတ်ဟု မျှော်လင့်ခဲ့ကြသည်။ သူတို့သည် သူတို့၏ဘဝကို "ရှုပ်ထွေးရန်" မည်သည့်အရာကိုမျှ မလိုချင်ခဲ့ကြပေ။ ထိုသူတို့သည် သခင်ယေရှုကို အမှန်တကယ်ချစ်ခဲ့ပါသလား။ သခင်ယေရှု၏ကြွလာခြင်းနှင့် အပြစ်ဒုစရိုက်ကုန်ဆုံးခြင်းထက် သူတို့အတွက် ပိုအရေးကြီးသောအရာမှာ အဘယ်အရာနည်း။ ရှင်မဿဲခရစ်ဝင် ၂၂း၁-၅။

**လက်တွေ့ကျင့်သုံးရန်။** ရှင်မဿဲခရစ်ဝင် ၂၂ ၌ မင်္ဂလာဆောင်ပွဲအကြောင်းပြောထားသော သခင်ယေရှု၏ပုံပြင်အကြောင်းအရာသည် "သိုးသငယ်၏မင်္ဂလာညစာစားပွဲ" ၌ မကြာမီ ဘာဖြစ်ပျက်မည်ကို နားလည်သိရှိဖို့ရန်အတွက် ကျွန်ုပ်တို့အား အကူအညီဖြစ်စေပါ သည်။ ဗျာဒိတ်ကျမ်း ၁၉း၇-၉။ အဘယ်သူများသည် ဖိတ်ကြားခြင်းခံရသနည်း။ ဗျာဒိတ်ကျမ်း ၂၂း၁၇။ သင်သည် သခင်ယေရှု၏ ပုံပြင်များထဲမှ လူများကဲ့သို့ ဆင်ခြေဆင်လက်ပေးနေသလား သို့မဟုတ် စိတ်ဆန္ဒပြင်းပြစွာအဆင်သင့်ဖြစ်နေသလား။ သခင်ယေရှုခရစ်တော်သည် ဤယခုနှစ်တွင်ကြွလာလိမ့်မည်ဟု သေချာခဲ့လျှင် သင်သည် ကွဲပြားခြားနားစွာ အဘယ်အရာကို လုပ်ဆောင်မည်နည်း။

## တနင်္လာနေ့ | ဒုတိယကောင်းကင်တမန်သတင်းစကား ၂

မြော်လင့်ခြင်းအသင်းဝင်များက သခင်ယေရှုခရစ်တော်သည် ၁၈၄၄ ခုနှစ်နွေဦးရာသီ၊ ဂျူးလူမျိုးတို့၏နှစ်ကုန်မှာ ကြွလာမည်ဟု ထင်ခဲ့ကြသည်။ ထိုအချိန်ကျော်လွန်ပြီး၊ သခင်ယေရှုမကြွလာသောအခါ သူတို့သည် စိတ်ရှုပ်ထွေးခဲ့ကြ၍၊ စိတ်ဓာတ်ကျခဲ့ကြသည်။

သို့သော် လူတို့သည် စိတ်ဓာတ်မကျခဲ့ပါ။ သခင်ယေရှုမကြွလာသေးကြောင်း များစွာသောသာသနာပြုများနှင့် အသင်းသူအသင်းသားများသည်ပင် လျှို့ဝှက်စွာစိတ်သက်သာရာ ရခဲ့ကြသည်။

၎င်းသည် ပင်တေကုတ္တေပွဲနေ့နှင့် အတူတူပင်ဖြစ်သည်။ ၎င်းနေ့ကို ပသခါပွဲပြီးနောက် ရက် ၅၀၊ ဘုရားသခင်ထံ ကောင်းချီးမင်္ဂလာနေ့တစ်နေ့အဖြစ် ကျင်းပခဲ့ကြသည်။ ထိုကြောင့် ဘုရားသခင်သည် တပည့်တော်တို့အား သန့်ရှင်းသောဝိညာဉ်တော် သွန်းလောင်းချပေးခြင်းအားဖြင့် ဘယ်အချိန်တွင် ကောင်းချီးချပေးခဲ့သနည်း။ အတိအကျအားဖြင့် ပသခါပွဲပြီးနောက် ရက်ပေါင်း ၅၀ အကြာတွင်ပင် ဖြစ်သည်။



ဘုရားသခင်သည် အမှန်တကယ် တိတိကျကျ ပြောသလား။ ဂလာတိဩဝါဒစာ ၄း၄။

စမ်မြူရယ်ဆနိုးသည် "သန့်ရှင်းရာဌာနတော်ကို ဆေးကြောခြင်း" ကို အပြစ်များအားလုံးကို တဲတော်မှ ပယ်ရှားသည့်အချိန်ဖြစ်သော အပြစ်ဖြေရာပွဲနေ့အားဖြင့် ကိုယ်စားပြုကြောင်းကို နားလည်သဘောပေါက်ခဲ့သည် (ဝတ်ပြုရာကျမ်း ၁၆) ။ ၎င်းနေ့ကို ဂျူးပြက္ခဒိန်၏ ခုနှစ်လ ဆယ်ရက်နေ့တွင် အမြဲကျင်းပခဲ့သည်။

ကျွန်ုပ်တို့၏ပြက္ခဒိန်၌ အဘယ်နေ့ဖြစ်မည်ကို သူတို့သိနိုင်ပါမလား။ ကာရိန်းတီ (Karaite) ဂျူးများဟု သိရသည့် အုပ်စုတစ်စုသည် သမ္မာကျမ်းစာဆိုင်ရာနေ့ရက်ဖွဲ့စည်းသွားလာပုံကို ဂရုတစိုက်ထိန်းသိမ်းထားခဲ့ကြသည်။ ထိုဂျူးပြက္ခဒိန်အရ အပြစ်ဖြေရာနေ့မှာ ၁၈၄၄ ခုနှစ်၊ အောက်တိုဘာ ၂၂ ဖြစ်သည်။ ထိုသည် ကာလအရှည်ဆုံးသောသမ္မာကျမ်းစာ၏ပရောဖက်ပြုချက် နောက်ဆုံးတွင် ကုန်ဆုံးမည့်အချိန်ဖြစ်သည်။

စမ်မြူရယ်ဆနိုးသည် ဩဂုတ်လ ၁၂ ရက်နေ့တွင် သူတွေ့ရှိခဲ့သည့်အရာများကို တင်ဆက်သောအခါတွင်၊ အောက်တိုဘာ ၂၂ ရောက်ဖို့ရန် ၇၁ ရက်သာ လိုတော့သည်။

**လက်တွေ့ကျင့်သုံးရန်။** သခင်ယေရှုသည် ဆယ်ပတ်အကြာတွင် ကြွလာမည်ဟု ယုံကြည်ရသည့်အခါ ၎င်းသည် အဘယ်မျှလောက် စိတ်လှုပ်ရှားခြင်းဖြစ်စေမည်ကို သင်မြင်ယောင်နိုင်ပါသလား။ ၎င်းအချိန်သည် စိတ်နှလုံးအကြွင်းမဲ့ရှာဖွေခြင်းနှင့် သက်သေခံခြင်းကို အလေးအနက်ထားရသောအချိန်ဖြစ်သည်။ ဤအရာနှစ်ခုသည်သာ အရေးကြီးလှပါသည်။ အဆင်သင့်ဖြစ်ခြင်းနှင့် အခြားသူများလည်းအဆင်သင့်ဖြစ်ရန် ကူညီပေးခြင်းတို့ဖြစ်သည်။ ယနေ့ ကျွန်ုပ်တို့အတွက် ၎င်းက တစ်ခုခုကွဲပြားခြားနားခြင်းရှိပါသလား။ သက်သာလောနိတ်ဩဝါဒစာ ပဌမစောင် ၅း၆၊ ၈။

## သောကြာနေ့ | အချိန်ကုန်လွန်သွားပြီ ၆

သခင်ယေရှုကြွလာတော်မူကြောင်း လူတိုင်းကိုပြောပြရန် ရက်ပေါင်း ၇၁ ရက်သာရှိတော့သည်ဟု သင်မြင်ယောင်ကြည့်နိုင်ပါသလား။ ၎င်းသည် တကယ့်လေပြင်းမုန်တိုင်းတစ်ခုပမာ ဖြစ်ပါသည်။ စမ်မြူရယ်ဆနိုး၏ရှာဖွေတွေ့ရှိခြင်းသတင်းသည် လျှပ်စီးကဲ့သို့ ပြန့်သွားခဲ့သည်။ ထို့အပြင် ၎င်းသည် ကြီးမားသောမိုးကြိုးမုန်တိုင်းကဲ့သို့ ပရောဖက်ပြုချက်နှင့်ပတ်သက်၍ မသေချာမရေရာမှုများနှင့် ရှုပ်ထွေးမှုများဖြစ်နေသည့်အချိန်အတွင်း ဂရုမစိုက်သောထောင်နှင့်ချီသောသူများကို နှိုးထစေတော်ခဲ့သည်။ ဤအတွေ့အကြုံ၏အပိုင်းကိုပင် ပရောဖက်ပြုခဲ့သည်။ ရှင်မဿဲခရစ်ဝင် ၂၅း၁-၁၃။

ဤပုံပမာကြောင့် ထို ၇၁ ရက်ကြာသောအချိန်ကာလကို "သန်းခေါင်ယံဟာစ်ကြွေးခြင်း" ဟု လူများသိကြနေဆဲဖြစ်သည်။ သခင်ယေရှုသည် လာနေသော မင်္ဂလာဆောင်လုလင်ဖြစ်သည်။ ကြွလာခြင်းကိုမျှော်လင့်သောမြော်လင့်ခြင်းတရားဟောဆရာများသည် မရပ်မနား လုပ်ဆောင်ခဲ့ကြသည်။ ဝမ်းမြောက်ဖွယ်ကြွလာခြင်းသတင်းကောင်းကို ဖတ်ရှုသူ မည်သူ့ကိုမဆို ဝေငှရန် ပုံနှိပ်စက်များက ထောင်နှင့်ချီသောစာပေများကို ပုံနှိပ်ခဲ့သည်။ ယုံကြည်သူတစ်ဦးစီသည် သတို့သားအတွက်အဆင်သင့်ရှိသော "ပညာရှိအပျိုကညာများ" အဝင် ဖြစ်ကြောင်း သေချာစေနိုင်ရန် အတတ်နိုင်ဆုံး လုပ်ဆောင်ပြင်ဆင်ခဲ့ကြသည်။

ဤပြင်းထန်သောလုပ်ဆောင်မှုအားလုံးတွင် စိတ်ရိုင်းလှုပ်ရှားစရာ သို့မဟုတ် မိုက်မဲသောတယူသန်ဆန်မှုမရှိကြောင်း သတိပြုမိရန် အရေးကြီးသည်။ ယင်းအစား၊ စိတ်နှလုံးအကြွင်းမဲ့နက်ရှိုင်းစွာရှာဖွေခြင်း၊ အပြစ်ဝန်ချနှိမ့်ချတောင်းပန်ခြင်းနှင့် စိတ်အားထက်သန်စွာဆုတောင်းခြင်းများ ပြုလုပ်ခဲ့သည်။ သူတို့သည် အနိုင်းမဲ့ဝမ်းမြောက်စွာဖြင့် ယေရှုနှင့်တွေ့ဆုံရန် ပြင်ဆင်ခဲ့ကြသည်။ ယုံကြည်သူများသည် မိမိတို့ကိုယ်ကို ဘုရားသခင်ထံ လုံးဝအပ်နှံပြီး၊ လောကအရာအားလုံးကို ဝမ်းမြောက်စွာ စွန့်လွှတ်ခဲ့ကြသည်။ တမန်တော်များခေတ်အချိန်ကတည်းက ဘာသာရေးဆိုင်ရာအကြောင်းအရင်းကို လူတို့၏အမှားများမှ တစ်ခါမှ အလွန်မသန့်ရှင်းခဲ့ပါ။

ယုံကြည်သူများသည် ပြောရုံသက်သက်မဟုတ်ခဲ့ချေ၊ သူတို့အများစုသည် သူတို့ဟောပြောသောအရာများကို သူတို့အမှန်တကယ် ယုံကြည်ခဲ့ကြောင်း ပြသခဲ့ကြသည်။ ထိုဆောင်းဦးရာသီ၌ အချို့တို့သည် စာရွက်စာတမ်းများနှင့် ဝေစာများအတွက် ငွေပေးချေရန် မိမိတို့၏ပိုင်ဆိုင်မှုများကို ရောင်းချခဲ့ကြသည်။ အချို့သောသူတို့သည် လယ်ယာခင်း၌ ကောက်ပဲသီးနှံစိုက်ပျိုးခြင်းမှ ရပ်တန့်ခဲ့ကြသည်။ ယေရှုကြွလာတော်မူသည်နှင့်အမျှ သူတို့စားစရာဖို့ အဘယ်ကြောင့် ရိတ်သိမ်းရဦးမည်နည်း။ မစ်စတာ ဟတ်စတင်းစ် (Mr. Hastings) ဆိုသူတစ်ဦးသည် အိမ်နီးချင်းများကို သူ့အတွက် အာလူးရိတ်သိမ်းပေးရန်ပင် ငြင်းဆန်ခဲ့သည်။ သူက "ရိတ်သိမ်းပေးစရာမလိုပါ၊" "ဤ အာလူးစိုက်ခင်းသည် သခင်ဘုရားကြွလာတော့မည်ဟူသည့် ငါ့ရဲ့ယုံကြည်ခြင်းကို ဟောပြောခွင့်ပြုပါ့မည်" လို့ ပြောခဲ့သည်။

နောက်ဆုံးတွင်၊ အောက်တိုဘာ ၂၂ ရက် ရောက်လာခဲ့လေသည်။ မြော်လင့်ခြင်းအသင်းဝင်အများစုကဲ့သို့၊ ဝီလီယံမီလာသည် မိမိ၏မိသားစုနှင့်အတူရှိရန် အိမ်သို့ပြန်သွားခဲ့သည်။ သူတို့သည် သခင်ယေရှုကြွလာခြင်းကို ဝမ်းမြောက်စွာစောင့်ကြိုနေခဲ့ကြသည်။ အချို့သောသူများသည် သီချင်းများကို သီကျူးခဲ့ကြ၍၊ အချို့တို့သည် သူတို့၏နှစ်သက်ရာကျမ်းချက်များကို ဝေငှခဲ့ကြသည်။

သခင်ယေရှုသည် မနက်ပိုင်းတွင် ကြွလာမည်လား။ နေ့လည်တွင်ဖြစ်နိုင်ပါသလား။ ဒါမှမဟုတ် ညနေခင်းမှာ ကောင်းကင်သည် နေဝင်ချိန်နဲ့ အရောင်တောက်တောက်နေသောအချိန်လား။ သို့သော် နေ့ရက်တစ်ရက်သည် ကုန်လွန်သွားခဲ့ပြီး၊ သခင်ယေရှုသည် ကြွလာတော်မမူခဲ့ချေ။

သူတို့သည် ၎င်းကို မယုံနိုင်ဖြစ်ခဲ့ကြသည်။ သို့သော် ၎င်းသည် အမှန်တကယ်ပင်ဖြစ်သည်။ သူတို့သည် မည်သည့်အရာကိုမျှ မလုပ်နိုင်ခဲ့ကြတော့ချ။ သူတို့သည် အိပ်ချိန်တန်သည့်အချိန်အထိ ငိုကြွေးနေခဲ့ကြလေသည်။

**လက်တွေ့ကျင့်သုံးရန်။** သခင်ယေရှုနောက်လိုက်သူများသည် သူတို့၏မြတ်နိုးဖွယ် မျှော်လင့်ချက်အားလုံးကို ဖျက်ဆီးပစ်လိုက်ကြောင်း နောက်တစ်ကြိမ်ကျမ်းစာက ကျွန်ုပ်တို့အား ပြောဆိုထားသည်။ ထိုအရာသည် ဘာကြောင့်ဖြစ်ပျက်ခဲ့သနည်း။ မိမိ၏လူများတို့အား ကူညီဖို့ရန် သခင်ယေရှုသည် အဘယ်သို့လုပ်ဆောင်တော်မူခဲ့သနည်း။ ရှင်လုကာခရစ်ဝင် ၂၄း၁၃-၃၂။

သူတို့သည် ဘုရားသခင်ကို ချစ်သည်ထက် လောကကို အမှန်တကယ်ချစ်ခဲ့ကြသည်။ သူတို့သည် သခင်ယေရှုကြွလာခြင်းကို အလိုမရှိခဲ့ချေ။ သူတို့သည် အခြားသူများ၏ သခင်ယေရှုကို တွေ့ဆုံချင်သည့်စိတ်ဆန္ဒရှိသည်ဟူသောပြောဆိုခြင်းကိုလည်း မကြားချင်ခဲ့ကြချေ။ မြော်လင့်ခြင်းယုံကြည်သူများသည် ပြဿနာဖြစ်စေသော လိမ်လည်လှည့်စားသူများ ဖြစ်သည်ဟု စာတန်က သူတို့အား လွယ်ကူစွာယုံကြည်ခဲ့စေသည်။

ထင်ရှားကျော်ကြားဆုံးသော အသင်းတော်များတို့သည် မြော်လင့်ခြင်းသတင်းစကားကို ဆန့်ကျင်လာသည်နှင့်အမျှ၊ မြော်လင့်ခြင်းယုံကြည်သူများကို ဆန့်ကျင်ခြင်းသည် ကြီးထွားလာခဲ့လေသည်။ ထိုအချိန်မှစ၍ ယခင်က သူတို့အား ကြိုဆိုလက်ခံခဲ့သော အသင်းတော်များ၌ စကားပြောဖို့ရန် မြော်လင့်ခြင်းတရားဟောဆရာများ၊ သြဝါဒပေးသူများကို ခွင့်မပြုခဲ့ကြတော့ပေ။ ထို့အပြင်၊ များစွာသော ဘုရားဝတ်၌မွေ့လျော်သောမြော်လင့်ခြင်းယုံကြည်သူများသည် သူတို့အသင်းတော်မှ ထွက်သွားဖို့ရန် အတင်းအကျပ်တိုက်တွန်း ဖိအားပေးခံခဲ့ရသည်။ အကြောင်းမှာ ရိုးရိုးလေးပင်ဖြစ်သည်၊ သူတို့သည် သခင်ယေရှုကို ချစ်ပြီး၊ သခင်ယေရှုမကြာမီကြွလာမည်ဟူသော သူတို့၏ယုံကြည်ချက်ကို စွန့်လွှတ်ရန် ငြင်းပယ်သောကြောင့်ဖြစ်သည်။ ထိုအချိန် အတွင်းတွင် ဤကျမ်းချက်များက သူတို့အားအထူးသဖြင့် အားပေးခဲ့သည်။ ၎င်းများမှာ ဟဗက္ကုတ်အနာဂတ္တိကျမ်း ၂း၂-၄ နှင့် ယေဇကျေလအနာဂတ္တိကျမ်း ၁၂း၂၁-၂၈ ဖြစ်သည်။

မြော်လင့်ခြင်း (ကြွလာခြင်း) ယုံကြည်သူများသည် ကမ္ဘာကြီးကို တရားစီရင်တော်မူချိန်ရောက်လာပြီ၊ သခင်ယေရှုကြွလာတော်မူပြီဟု ကြွေးကြော်ခြင်းအားဖြင့် ပထမကောင်းကင်တမန်၏သတင်းစကားကို ဝေငှလက်ဆင့်ကမ်းနေခဲ့ကြသည်။ ဗျာဒိတ်ကျမ်း ၁၄း၆၊ ၇။

အဘယ်သို့ပင်ဖြစ်စေ၊ ထင်ရှားကျော်ကြားသောအသင်းတော်များသည် ဤတရားစီရင်ခြင်းသတင်းစကားကို ငြင်းပယ်ခဲ့ကြပြီး၊ သူတို့သည် ပို၍ပို၍ ရှုပ်ထွေးနေခဲ့သည်။ သမ္မာကျမ်းစာသည် အမှန်တရားကို ငြင်းပယ်ခြင်းနှင့် ရှုပ်ထွေးခြင်းကို ကိုယ်စားပြုရန် “ဗာဗုလုန်” ဟူသောစကားလုံးကို အသုံးပြုထားသည်။ ဤသို့ အမှန်တရားကိုငြင်းပယ်ခြင်းနှင့် ဘာသာရေးဆိုင်ရာရှုပ်ထွေးခြင်းသည် ဒုတိယကောင်းကင်တမန်၏ သတင်းစကားဖြစ်သည့် ဗာဗုလုန်မြို့ကြီး ပြိုလဲပြီ ဟူသောအချက်ကို ပြည့်စုံစေခဲ့သည်။ အငယ် ၈။

ဘုရားသခင်၏လူများနှင့် လောကကိုချစ်သောလူများတို့သည် ဆန့်ကျင်ဘက်၊ မတူညီသောလမ်းများဖြင့် သွားနေခဲ့ကြသည်။ သူတို့ကို အဘယ်အရာမျှ အတူတကွပေါင်းစည်း၍မရချေ။ ထိုကြောင့် ပုဂ္ဂိုလ်တစ်ဦးစီတိုင်းသည် မိမိသွားရမည့်လမ်းတစ်လမ်းကို ရွေးချယ်ကြရမည်ဖြစ်သည်။ ရှင်ယောဟန်ဩဝါဒစာ ပဌမစောင် ၂း၁၅-၁၇။

**လက်တွေ့ကျင့်သုံးရန်။** လူအများစုတို့သည် သခင်ယေရှုနောက်လိုက်ရန် အဘယ်ကြောင့် မလိုချင်ကြသနည်း။ ရှင်မဿဲခရစ်ဝင် ၇း၁၃၊ ၁၄။ သခင်ယေရှုက ကောင်းကင်သို့သွားသော “တံခါး” သည် အလွန်ကျဉ်းမြောင်းသည်ဟု မိန့်တော်မူခဲ့သည်။ အလွန်သေးငယ် ကျဉ်းမြောင်းသောနေရာတစ်ခုကို ဖြတ်သန်းသွားရန် သင်ကြိုးစားဖူးပါသလား။ ဂလာတိဩဝါဒစာ ၅း၁၉-၂၁ တွင်၊ ပေါလုက ထိုသို့သော အရာများအားဖြင့် ဤကျဉ်းမြောင်းသောတံခါးဝဖြတ်သွားရန်နှင့် ဘုရားသခင်၏နိုင်ငံတော်သို့ ဝင်ရောက်ရန် ဘယ်တော့မှမရနိုင်ကြောင်း ပြောဆိုထားသည်။ ထိုအရာများထဲမှ တစ်ခုခုက သင့်ကို ဖော်ပြနေပါသလား။ ထိုသို့ဖော်ပြပေးပါက၊ သင်သည် အဘယ်ကြောင့် သန့်ရှင်းသောနှလုံးသားနှင့် ဝိညာဉ်တော်အသီးပေးရန် သခင်ယေရှုအား ယခုမတောင်းလျှောက်သနည်း။ အငယ် ၂၂-၂၅။

## အင်္ဂါနေ့ | အုပ်စုနှစ်စု ၃



သမ္မာကျမ်းစာအချိန်ကာလများ၌ ပရောဖက်များသည် ကျမ်းစာကို ဂရုတစိုက်လေ့လာခဲ့ကြပြီး၊ ပရောဖက်ပြုချက်များ အဘယ်အချိန်တွင်ပြည့်စုံမည်ကိုနားလည်ရန်၊ အထူးသဖြင့် သခင်ယေရှုအကြောင်းနှင့်ပတ်သက်သော ပရောဖက်ချက်များကို နားလည်သိရှိရန် ကြိုးစားခဲ့ကြသည်။ ကောင်းကင်တမန်များပင် ကျွန်ုပ်တို့ကိုကယ်တင်ဖို့ ဘုရားသခင်၏စီမံကိန်းအကြောင်းကို ပို၍ သိနားလည်ချင်ခဲ့ကြသည်။ ရှင်ပေတရုဩဝါဒစာ ပဌမစောင် ၁း၁၀-၁၂။

ဝီလီယံမီလာနှင့် သခင်ယေရှုကြွလာခြင်းကိုမြော်လင့်သော မြော်လင့်ခြင်းယုံကြည်သူများသည်လည်း သမ္မာကျမ်းစာဟောကိန်းများ ဖြစ်ပျက်မည့်အချိန်ကို နားလည်ရန် ကြိုးစားခဲ့ကြသည်။ သို့သော် မြော်လင့်ခြင်း ယုံကြည်သူများ ထင်ခဲ့သည့် နှစ်ပေါင်း ၂၃၀၀ ပြည့်နှစ်တွင် အဆုံးသတ်မည်ဟု ယုံကြည်သောအချိန်သည် လွန်သွားခဲ့သည်၊ သခင်ယေရှုသည်လည်း ပြန်ကြွမလာခဲ့ပါ။ အဘယ်အရာက မှားခဲ့သနည်း။




၁၈၄၄ ခုနှစ် နွေရာသီအစောပိုင်းအတွင်း၊ ထိုမေးခွန်းအတွက် အဘယ်သူမျှ အဖြေကို မသိခဲ့ချေ။ မကြာမီတွင် ထိုစိတ်ဓာတ်ကျသောလူများတို့သည် အုပ်စုနှစ်စု ကွဲသွားခဲ့သည်။ အခြားသောသူများက ဘုရားသခင်က သူတို့အားဦးဆောင်လမ်းညွှန်ခြင်းကို ငြင်းဆိုနေချိန်တွင် အချို့သော မြော်လင့်ခြင်းအသင်းဝင်များသည် ဘုရားသခင်က သူတို့အား အမှန်တရားသို့ ပို့ဆောင်ညွှန်ပြရန် အသေအချာ ယုံကြည်နေဆဲ ရှိကြသည်။



သူတို့ကို ဘုရားသခင်က ဦးဆောင်လမ်းပြနေသည်ဟု ယုံကြည်သူများသည် သမ္မာကျမ်းစာကိုဆက်လေ့လာခဲ့ကြပြီး အမှန်တရား ပိုမိုပြသပေးရန် ဘုရားသခင်အား စိတ်ရှည်သည်းခံစွာစောင့်ဆိုင်းခဲ့ကြသည်။ သူတို့၌ မေးခွန်းထုတ်စရာများစွာရှိနေဆဲဖြစ်သော်လည်း သူတို့၏ယုံကြည်ခြင်းသည် သံသယထက် ပိုအားကောင်းလာခဲ့ကြသည်။ ထို့ကြောင့် ဘုရားသခင်သည် ဉာဏ်ပညာအတွက် သူတို့၏ဆုတောင်းခြင်းများကို အဖြေပေးခဲ့သည်။ အဘယ်သို့ အဖြေပေးခဲ့ကြောင်းကို မနက်ဖြန်၌ ကျွန်ုပ်တို့ တွေ့ရှိပေလိမ့်မည်။

သခင်ယေရှု မကြာမီကြွလာခြင်းအကြောင်းနှင့်ပတ်သတ်၍ သမ္မာကျမ်းစာပြောထားချက်များကို မြော်လင့်ခြင်းအသင်းဝင်များ အားလုံးသည် ယုံကြည်နေဆဲ မဟုတ်ပေ။ ထောင်ပေါင်းများစွာသောသူတို့သည် ယခုတွင် သခင်ယေရှုပြန်ကြွလာခြင်းအကြောင်းကို ကဲ့ရဲ့ရှုတ်ချခဲ့ကြသည်။ အများက “ငါသည် ၎င်းကို ဘယ်တုန်းကမှ အမှန်တကယ်မယုံကြည်ခဲ့ပေ၊” အဘယ်ကြောင့် သူတို့သည် လူများတို့အား ပျော်ရွှင်မှုမပေးချင်သောကြောင့်ဖြစ်သည်ဟု ပြောဆိုခဲ့ကြသည်။ သို့သော် သူတို့ပြောသည့်အရာများထဲတွင် အမှန်တရားအချို့ ရှိကောင်းရှိနိုင်လိမ့်မည်။ ၎င်းမှာ သူတို့သည် ဆန့်ကျင်ခြင်းမြင့်တက်လာသောအချိန်တွင် ၎င်းယုံကြည်ချက်ကို ခိုင်မြဲစွာစွဲကိုင်ရန် အမှန်တရားကို အသေအချာမယုံကြည်ခဲ့ခြင်းကြောင့်ဖြစ်သည်။

**လက်တွေ့ကျင့်သုံးရန်။** သခင်ယေရှုသည် ဤကဲ့သို့သောလူများအကြောင်းကို သူ၏မျိုးစေ့ကြဲခြင်းပုံပမာအကြောင်းအရာ၌ လူများတို့အား ဖော်ပြခဲ့ပြီးဖြစ်သည်။ အဘယ်ကြောင့် “ကျောက်ခဲထူထပ်သော” ကြားနာသူများသည် အမှန်တရားယုံကြည်ခြင်းကို ရပ်တန့်ခဲ့သနည်း။ ရှင်မဿဲခရစ်ဝင် ၁၃း၅၊ ၆၊ ၂၀၊ ၂၁။ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကို မိမိတို့ကိုယ်တိုင်လေ့လာရန်နှင့် အခြားသူများပြောသည့် အရာများအပေါ်သာ မမှီခိုဖို့ရန်၊ ၎င်းသည် ကျွန်ုပ်တို့အတွက် အဘယ်မျှလောက် အရေးကြီးသနည်း။

## ဗုဒ္ဓဟူးနေ့ | နေ့စွဲကို တွက်ချက်ခြင်း ၄

၁၈၄၄ ခုနှစ် ဩဂုတ်လ၌ ဂျိုးဇက်ဗစ်နှင့် ဂျိမ်းစ်ဝှိုက်တို့ အပါအဝင် များစွာသောသခင်ယေရှုကြွလာခြင်းကို မြော်လင့်သောယုံကြည် သူများသည် နယူးဟမ်ပ်ရှိုးယား၊ အစ္စတာ၌ တရားဟောစခန်းအစည်းအဝေးတစ်ခုသို့ သွားခဲ့ကြသည်။ သူတို့သည် ဘာကြောင့် သခင်ယေရှုကြွမလာခဲ့ကြောင်းကို တွေ့ရှိဖို့ရန် မျှော်လင့်နေခဲ့ကြသည်။

သို့သော် စကားပြောသူများသည် အသစ်အဆန်းတစ်စုံတစ်ခုမှ မပြောခဲ့ချေ။ သူတို့သည် ပရောဖက်ပြုချက်များအားလုံးကို ခြုံငုံလေ့လာခဲ့ကြသည်၊ သို့သော် အမှားတစ်ခုခုကိုပင် ရှာမတွေ့နိုင်ခဲ့ကြပေ။ သူတို့သည် သမိုင်းအကြောင်း လေ့လာခဲ့သည်၊ သို့သော် မှားယွင်းတစ်ခုမျှ မတွေ့မြင်ခဲ့ပေ။ နှစ်ပေါင်း ၂၃၀၀ အကုန်၌ သန့်ရှင်းရာဌာနတော်ကို ဆေးကြောရန်ဖြစ်သည်မှာ ၎င်းသည် အလွန်ရှင်းလင်းနေပါသည်၊ ထိုအချိန်သည် ၁၈၄၄ ခုနှစ်နွေဦးဖြစ်သည်ဟု သူတို့အသေအချာသိမှတ်ခဲ့ကြသည်။ သို့သော် သခင်ယေရှုသည် ထိုအချိန်တွင် ကြွမလာခဲ့ချေ။ မည်သည့်အရာက မှားနိုင်သနည်း။



စခန်းအစည်းအဝေး အတွင်း၌၊ ဘုရားသခင်သည် သူတို့၏ မေးခွန်းအတွက် အဖြေကို ပို့ပေးခဲ့သည်။ သူသည် ကြွလာခြင်းကို မြော်လင့်သောမြော်လင့်ခြင်းတရားဟောဆရာတစ်ယောက်ဖြစ်သည့် စမ်မြူရယ်ဆနိုး (Samuel Snow) ကို အသုံးပြုခဲ့သည်။ ဩဂုတ်လ ၁၂ ရက်နေ့တွင်၊ သူသည် စခန်းအစည်းအဝေးသို့ နောက်ကျစွာရောက်လာခဲ့ပြီး၊ သူသင်ကြားရယူခဲ့သောအရာကို ဝေငှရန် စိတ်အားထက်သန်ခဲ့သည်။

သူ၏အရေးအကြီးဆုံးအတွေးအခေါ်များမှာ နှစ်ပေါင်း ၂၃၀၀ သည် ခုနှစ်ပြည့်ဖြစ်ခြင်းနှင့် ဓမ္မဟောင်းပွဲနေ့များ၏အချိန်ကာလ တိကျခြင်းတို့ဖြစ်သည်။ အတူတကွပင် ဤအတွေးအခေါ်နှစ်ခုသည် သူတို့အား နှစ်ပေါင်း ၂၃၀၀ အဘယ်အချိန်တွင်ကုန်ဆုံးမည် ဟူသည်ကို တိကျစွာနားလည်ရန် ကူညီစေခဲ့သည်။

ယေရုရှလင်မြို့ကိုပြန်လည်တည်ဆောက်ရန် အမိန့်ထုတ်ပြန်ပြီး နှစ်ပေါင်း ၂၃၀၀ သည် နှစ်ပေါင်း ၂၃၀၀ ပြည့်နှစ်မတိုင်မီအထိ ကုန်ဆုံးမည်မဟုတ်ကြောင်း စမ်မြူရယ်ဆနိုးက ပြောကြားခဲ့သည်။ နှစ်ပေါင်း ၂၃၀၀ သည် ပါးရှားဘုရင်၏အမိန့်တော် ၄၅၇ ဘီစီ ဆောင်းဦးရာသီတွင် စတင်အာဏာတည်သောအချိန်မှ စတင်ခဲ့သည်၊ ထို့ကြောင့် နှစ်ပေါင်း ၂၃၀၀ သည် ၁၈၄၄ ခုနှစ် ဆောင်းဦးရာသီ၌ ကုန်ဆုံးမည်ဖြစ်သည်။ ထိုအရာသည် ခုနှစ်ပြည့် အတွေးအခေါ်နှင့် ကိုက်ညီသောနေရာဖြစ်လေသည်။ အောက်ပါဇယားကို ကြည့်ပါ။

**လက်တွေ့ကျင့်သုံးရန်။** စမ်မြူရယ်ဆနိုး အမှန်ပြင်ပေးသည့် အမှားသည် အမြဲတမ်း မီလာရဲ့သွန်သင်ခြင်း၏အစိတ်အပိုင်းဖြစ်သည်၊ သို့သော် ၎င်းကို ဝေဖန်ခြင်း သို့မဟုတ် ဆန့်ကျင်ခြင်းတစ်ခုအဖြစ် မမှတ်ခဲ့ချေ။ ဘာကြောင့်လဲ။ ဒံယေလအနာဂတ္တိကျမ်း ၁၂း၁၀။

## ကြာသပတေးနေ့ | ၇၁ ရက်သာ ကျန်တော့သည် ၅

စမ်မြူရယ်ဆနိုး၏ ဒုတိယအတွေးအမြင်သည် ဓမ္မဟောင်းခေတ်၏ပွဲနှင်းသဘင်အခမ်းအနားများမှ လာသည်။ သူသည် တစ်စုံတစ်ခုက အရေးကြီးကြောင်း နားလည်သဘောပေါက်ခဲ့သည်၊ ၎င်းမှာ နှစ်စဉ် ကျင်းပသည့်ပသခါပွဲနှင့် ပင်တေကုတ္တေပွဲများသည် ကျွန်ုပ်တို့အားကယ်တင်ဖို့ ဘုရားသခင်၏စီမံကိန်း၌ အရေးပါသော အဖြစ်အပျက်များကို ကိုယ်စားပြုထားပြီး၊ ထိုပုံဆောင်ခြင်းများသည် အမှန်တကယ်ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များအားဖြင့် ပြည့်စုံခဲ့ပြီးဖြစ်သည်။ ၎င်းတို့သည် ပွဲနေ့ကိုကျင်းပသောတိကျသည့်



နေ့တွင် ပြည့်စုံခဲ့ပြီး ဖြစ်သည်။

ဥပမာအနေဖြင့်၊ ပသခါသိုးသငယ်သည် အမြဲတမ်း ဂျူးလူမျိုးတို့၏ နီဆန်လ (Nisan) ဆယ့်လေးရက်၏ နေ့ခင်းလွန်တွင် အသတ်ခံခဲ့ရသည် (ထွက်မြောက်ရာကျမ်း ၁၂း၆) ။ ထိုအချိန်တုန်းက ပသခါသိုးသငယ်သည် နှစ်ပေါင်းရာချီ ယဇ်ပူဇော်ခြင်းခံခဲ့ရသည်။ သခင်ယေရှုသည် ကျွန်ုပ်တို့အတွက်ရော ဘယ်အချိန်တုန်းက ယဇ်ပူဇော်ခြင်းခံခဲ့သနည်း။ ဂျူးလူမျိုးတို့၏နီဆန်လ ဆယ့်လေးရက်နေ့ခင်းလွန်တွင် ဖြစ်သည်။ ကောရိန္သုဩဝါဒစာ ပဌမစောင် ၅း၇။